# OMAHA'S REFUGEE HOUSING PLANNING STUDY

## Key Takeaways

## အိုမဟာ ဒုက္ခသည်များအိမ်ရာစီမံကိန်း လေ့လာမှုမှ ရရှိသည့်အဓိက အချက်အလက်များ

### Nebraska is #1

Nebraska resettles more refugees per capita than any other state.

### နီဘာရာစကာ ပြည်နယ်သည် အဆင့် ၁

နီဘာရာစကာပြည်နယ်သည် အခြားပြည်နယ်များထက် ဒုက္ခသည်ဦးရေများပြီးလက်ခံ နေရာချထားပေး သောနေရာတစ်ခုဖြစ်သည်။

### Our newest neighbors

Nebraska will receive an estimated 1,850 refugees in 2024 and 1,975 in 2025.

### ကျွန်ုပ်တို့၏ အိမ်နီးချင်းအသစ်

နီဘာရာစကာပြည်နယ်သည် ၂၀၂၄ ခုနှစ်တွင် ဒုက္ခသည် ခန့်မှန်းခြေ ဦးရေ ၁၈၅၀ ဦး လက်ခံထားပြီး ၂၀၂၅ ခုနှစ်တွင် ၁၉၇၅ ဦး လက်ခံနိုင်ရန် ရှိကြောင်းခန့်မှန်းထားပါသည်။

### Economic boost

Each refugee who comes to Omaha creates $34,000 of direct and indirect spending.

### စီးပွားရေး တိုးတက်မှု

အိုမဟာသို့ ရောက်ရှိလာသည့် ဒုက္ခသည်တစ်ဦးချင်းသည် အသုံးစရိတ်ဒေါ်လာ ၃၄၀၀၀ ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောလမ်းကြောင်းဖြင့် ဖန်တီးပေးနေသည်။

### Critical workforce support

Nebraska has 54,000 unfilled jobs, and only 39 available workers for every 100 jobs. Refugees fill vital positions in industries that have critical worker shortages.

### လုပ်သားအင်အား ပံ့ပိုးမှုအကြပ်အတည်း

နီဘာရာစကာပြည်နယ်တွင် လုပ်သားဖြည့်စွက်ရမည့် ၅၄၀၀၀ နေရာရှိနေပြီး လုပ်ငန်းတာဝန် ၁၀၀ တိုင်းအတွက် လုပ်သား ၃၉ ဦးသာရရှိပါသည်။

From 2023-2024, Restoring Dignity hired Wilder Research to conduct a study on housing issues impacting refugees in Omaha, Nebraska. These are the key findings of that study.

၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် နီဘာရာစကာ ပြည်နယ် အိုမဟာမြို့၌နေထိုင်သည့် ဒုက္ခသည်များအပေါ် သက်ရောက်မှုရှိသော အိမ်ရာပြဿနာများနှင့်ဆိုင်သည့် လေ့လာမှုတစ်ခုကို ပြုလုပ်ရန်အတွက် Restoring Dignity ( ဂုဏ်သိက္ခာပြန်လည်ထိန်းသိမ်း အဖွဲ့) မှ Wilder Research သုတေသန ပြုလုပ်မည့် အဖွဲ့တစ်ဖွဲ့ကို ငှါးရမ်းခဲ့ပါသည်။ ဤလေ့လာမှုတွေ့ရှိသည့် အဓိကအချက်အလပ်များကို အောက်တွင်ဖော်ပြထားသည်။

RESTORING DIGNITY | WORLD SPEAKS | Wilder Research. Information. Insight. Impact. | front porch INVESTMENTS

# OMAHA'S REFUGEE HOUSING PLANNING STUDY

## Key Takeaways

## အိုမဟာ ဒုက္ခသည်များအိမ်ရာစီမံကိန်း လေ့လာမှုမှ ရရှိသည့်အဓိက အချက်အလက်များ

### Young families

74% of recently resettled refugees are under the age of 35 and 44% of those are under the age of 18.

**အသက်အရွယ်ငယ်သော မိသားစုများ**

လက်ရှိအခြေချနေထိုင်သော ဒုက္ခသည်ဦးရေ၏ ၇၄ ရာခိုင်နှုန်းသည် အသက် ၃၅ နှစ်အောက်များဖြစ်ပြီး ယင်းတို့အနက် ၄၄ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်အောက်များဖြစ်သည်။

### Limited support

Refugees receive only 90 days of support before they are expected to be fully self-sufficient.

**ထောက်ပံ့ကူညီမှု အကန့်အသတ်**

မျှော်လင့်ထားသည့်အတိုင်း ကိုယ်ပိုင်ရပ်တည်မှု အပြည့်အဝမရှိသေးသော်လည်း ဒုက္ခသည်များသည် ရက် ၉၀ မျှသာ ထောက်ပံ့ကူညီမှု ရရှိကြပါသည်။

### Current worldwide situation

There are 36 million refugees worldwide who have fled their homes due to war, genocide and persecution. Only one percent are able to resettle to another country every year.

**ကမ္ဘာတစ်ဝှမ်း၌ လက်ရှိဖြစ်နေသည့်အခြေအနေ**

ကမ္ဘာတစ်ဝှမ်း၌ ပြည်တွင်းစစ်၊ လူမျိုးတုံးသတ်ဖြတ်မှုနှင့် နှိပ်စက်ညှင်းပန်းမှုများကြောင့် မိမိနေအိမ်မှစွန့်ခွာ ထွက်ပြေးနေရသည့် ဒုက္ခသည်ဦးရေး ၃၆ သန်းရှိနေပါသည်။ ၎င်းတို့အနက် ၁ ရာခိုင်နှုန်းသာ အခြားနိုင်ငံများသို့ နှစ်စဉ်နှစ်တိုင်း အခြေချနေထိုင်ခွင့် ရကြသည်။


### Global situation

In 2024, the USA will predominately receive refugees from Burma (Rohingya), Africa (Congo, Sudan, South Sudan and Eritrea), Afghanistan and Ukraine.

**တစ်ကမ္ဘာလုံး အခြေအနေ**

အမေရိကနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် မြန်မာပြည်မှ ရိုဟင်ဂျာဒုက္ခသည်များ၊ အာဖရိကတိုက် (ခွန်ဂို၊ စူဒန်၊ စူဒန်တောင်ပိုင်းနှင့် အီရစ်ထရီယား) နိုင်ငံများမှ ဒုက္ခသည်များ၊ အာဖကန်နစ္စတန် နှင့် ယူကရိန်းနိုင်ငံများမှ လာသည့် ဒုက္ခသည်များကို အများဆုံးလက်ခံထားပါသည်။

**ဇစ်ကုတ်နှင့်မက်ထရိုလမ်းကြောင်းအတိုင်း ဝန်ဆောင်မှုများကိုအသုံးပြုနေသည့် အိမ်ထောင်စုအားလုံး စုစုပေါင်း**




ဒုက္ခသည်များအား အကျိုးအမြတ်မယူဘဲဝန်ဆောင်မှုပေးနေသည့် ဒေသခံအဖွဲ့အစည်း ၁၁ ဖွဲ့တည်ရှိသည့် ဇစ်ကုတ်အားလုံးပေါင်းမှ ရရှိသောစာရင်းအရ ၂၀၂၀ မှ ၂၀၂၄ ခုနှစ်အတွင်း အိမ်ထောင်စုအားလုံးပေါင်း ၅၁၄၄ စုကိုဝန်ဆောင်မှုပေးခဲ့ပါသည်။

RESTORING DIGNITY

WORLD SPEAKS

Wilder Research. Information. Insight. Impact.

front porch INVESTMENTS

# Housing Barriers & Solutions

# အိမ်ရာစီမံကိန်းနှင့်ဆိုင်သည့် အတားအဆီး များနှင့် ဖြေရှင်းနည်းများ

## AFFORDABLE HOUSING

*THAT DOESN'T REQUIRE BACKGROUND CHECKS & CO-SIGNERS*

**( တတ်နိုင်၊ ပေးနိုင်ပြီး သင့်လျော်မှု ရှိသည့်အိမ်ရာအစီအစဉ်)**

ပူးတွဲလက်မှတ်ရေးထိုးရေးထိုးရေးသူနှင့် ပုဂ္ဂိုလ်ရေးရာနောက်ကြောင်း ရာဇဝင် စစ်ဆေးမှုမလိုအပ်ဘဲ

- **BARRIER** Upon airport arrival, families are taken to a rental house or apartment they did not choose (or to a hotel if no housing can be identified). Without a SSN, rental history, or income, they are limited to landlords willing to work around traditional application processes. Oftentimes, these housing conditions are substandard.
- **အတားအဆီး** လေဆိပ်မှရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် မိသားစုများသည် မိမိတို့ရွေးချယ်စရာ မလိုပဲ အသင်ငှားပေးထားသောအိမ် သို့မဟုတ် (အကယ်၍အိမ် ငှါး မရပါက ဟိုတယ်) ဆီသို့ခေါ်ဆောင်သွားခြင်းခံရပါသည်။ အိမ်ရှင်များ၏သမရိုးကျ လုပ်ရိုးခုပ်စဉ်အတိုင်း အသစ်ရောက်ရှိလာသည့် ဒုက္ခသည်များသည့် အိမ်ငှားဖူးသည့် နောက်ကြောင်းရာဇဝင်မရှိခြင်း၊ ဆိုရှယ်နံပါတ်နှင့် ဝင်ငွေမရှိခြင်းကြောင့် အိမ်ငှား လျှောက်လွှာတင်သည့်အခါ အိမ်ရှင်များမှအိမ်ငှားခွင့်ကို ငြင်းပယ်လေ့ရှိသည်။ အထူးသဖြင့် စံချိန်စံနှုန်းပြည့်မှီသော အိမ်ရာများတွင် ဖြစ်လေ့ဖြစ်ထရှိသည်။
- **SOLUTION** Restore landlord incentive and risk mitigation funds, so landlords are financially protected and thus more likely to rent to new refugees. This would expand available housing.
- **ဖြေရှင်းနည်း** ပြန်လည်ထူထောင်ရပ်တည်နိုင်မည့်ထောက်ပံ့ငွေနှင့် ဆုံးရှုံးမှုအန္တရာယ်မှလျော့ပေါ့ပေးနိုင် မည့်ရန်ပုံငွေ များကိုထားရှိပေးခြင်းဖြင့်အိမ်ရှင်များအတွက် ငွေရေးကြေးရေးအရ အကာအကွယ်ပေး နိုင်မည်။ သို့မှသာ အိမ်ရှင်များက အသစ်ရောက်ရှိလာသော ဒုက္ခသည်များကို အိမ်ငှားပေးနိုင်မည့် အခွင့်အလမ်း ပိုများလာနိုင်ပြီး အိမ်ရာငှားရမ်းသည့်လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်မည်။
- **SOLUTION** Create educational resources and trainings for landlords, so they have more information about the refugee resettlement process and renting to refugees. Recruit landlords to attend the Omaha Refugee Task Force Housing Subcommittee to develop relationships and to bring concerns to housing agencies.
- **ဖြေရှင်းနည်း** အိမ်ရှင်များအတွက် အသိပညာပေးသည့်အရင်းအမြစ်များနှင့် သင်တန်းများဖန်တီးပေး ခြင်းဖြင့် အိမ်ရှင်များအနေနှင့် ဒုက္ခသည်များ၏ ပြန်လည်နေရာချထားရေးအစီအစဉ်နှင့် ဒုက္ခသည်များ အားအိမ်ငှားပေးနိုင်မည့်အချက်အလက်များကို ပိုမိုသိရှိနားလည်နိုင်မည်။ အိမ်ရှင်များနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် အိမ်ရာလုပ်ငန်းအေဂျင်စီများ၏စိုးရိမ်ပူပန်မှုများကို သိရှိနားလည် စေရန် အိမ်ရှင်များအား Omaha Refugee Task Force Housing Subcommittee(ဒုက္ခသည်များဆိုင်ရာ အိမ်ရာအလုပ်အမှုဆောင် ဆပ်ကော်မတီ) ၏ အစည်းအဝေးသို့ တက်ရောက်ရန် စည်းရုံးဖိတ်ခေါ် ဆွေးနွေးပါ။

## HOUSING OPTIONS

*ESPECIALLY FOR LARGER & MUSLIM FAMILIES*

**(အိမ်ရာ ရွေးချယ်မှုများ)**

(အထူးသဖြင့် အဖွဲ့ဝင်များသောမိသားစုနှင့် မူစလင် မိသားစုများ)

- **BARRIER** Larger refugee families (7 or more members) have a very difficult time finding large enough housing.
- **အတားအဆီး** (အဖွဲ့ဝင် ၇ ဦး သို့မဟုတ် ယင်းအထက်ရှိသည့်) ဒုက္ခသည်မိသားစုများသည် မိမိတို့၏မိသားစုနှင့် သင့်တော်သည့်အိမ်ကို ရှာတွေ့ရန်အလွန်ခက်ခဲပါသည်။
- **BARRIER** Many Muslim families want to buy a house, but cannot take out a mortgage that has interest, due to Islamic law.
- **အတားအဆီး** မူစလင်မိသားစုအများစုသည် အိမ်ဝယ်လိုသောဆန္ဒရှိသော်လည် အစ္စလမ်းမစ်ဥပဒေကြောင့် အတိုးနှုန်းရှိသော ချေးငွေများကို ချေးခွင့်မရကြပါ။
- **SOLUTION** Build larger, affordable units (4 to 6 bedroom apartments and homes).
- ဖြေရှင်းနည်း အဖွဲ့ဝင်များသောမိသားစုများနှင့် သင့်လျော်သည့် (အခန်း ၄ ခန်းမှ ၆ ခန်းအထိ) ပါရှိသည့်အိမ် နှင့်တိုက်ခန်းကြီးကြီးဆောက်ပေးပါ
- **SOLUTION** Hire housing advocacy staff who work with the city, county and state on the creation of larger housing.
- **ဖြေရှင်းနည်း** ပိုမိုကြီးမားသည့် အိမ်၊ တိုက်ခန်းများတည်ဆောက်နိုင်ရန် မြို့၊ ခရိုင်၊ ပြည်နယ်တို့နှင့်အလုပ်တွဲလုပ်နေသော အိမ်ရာများဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဝန်ထမ်းတစ်ဦးခန့်အပ်ပါ။
- **SOLUTION** Banks can create "halal loans" with fees built in, so Muslim families can purchase homes.
- **ဖြေရှင်းနည်း** မူစလင်မိသားစုများ အိမ်ဝယ်ခွင့်ရရန် ဘဏ်ကနေပြီး အတိုးနှုန်းနှင့်ပူးတွဲ ပါရှိသည့် "ဟာလာ ချေးငွေ" စနစ်ကို ဖန်တီးပေးပါ။

## FIRST HOME CHOICE

**(ပထမဦးဆုံးအိမ် ရွေးချယ်ခြင်း)**

- **BARRIER** Due to the nature of resettlement, new refugee families have their first home chosen for them. They then sign a lease on a home they didn't choose or see. Many families feel stuck in substandard housing and in unsafe neighborhoods as a result.TRANSLATIon
- **အတားအဆီး** ပြန်လည်နေရာချထားရေးမှု၏ သဘောသဘာဝအရ အသစ်ရောက်ရှိလာသည့် ဒုက္ခသည်မိသားစုများသည် မိမိတို့နေထိုင်မည့်ပထမဦးဆုံးအိမ်ကို တစ်စုံတစ်ဦးက ရွေးချယ်ထား ပြီးသာဖြစ်သည်။ ယင်းနောက် မိမိတို့နေထိုင်မည့် အိမ်အနေထားကို အရင်မြင်ခွင့်မရဘဲ သို့မဟုတ်(ကိုယ့်စိတ်အလိုဆန္ဒအတိုင်း ရွေးချယ်မှုမရှိသည့်) အိမ်စာချုပ်ကို ချုပ်ဆိုရပါသည်။ နောက်ဆက်တွဲရုံးထွက်မရနိုင်ဘဲ ပိတ်မိနေသည့်အခြေအနေနှင့် ရင်ဆိုင်နေကြရသည်။ ရလဒ်မှာ မိသားစုအများအပြားသည့် အဆင့်အတန်းနိမ့်ပြီး လုံခြုံမှုကင်းမဲ့နေသည့် အိမ်ပတ်ဝန်းကျင်၌ ရုံးထွက်မရနိုင်ပဲ ပိတ်မိနေသည့် အခြေအနေနှင့် ရင်ဆိုင်နေကြရသည်။
- **SOLUTION** Build temporary housing, or a "welcome center" or "refugee resource center," where refugees can be temporarily housed (up to six months) and where supportive, wrap around services are on site, including ESL classes. Families can then work with housing caseworkers to find a preferred place to live.
- **ဖြေရှင်းနည်း** ဒုက္ခသည်များအတွက် ယာယီ (၆ လခန့်) ပံ့ပိုးပေးနိုင်မည့်ခေတ္တအိမ်ရာ သို့မဟုတ်ကြိုဆိုရေးစင်တာ သို့မဟုတ် ဒုက္ခသည်များအတွက် အထောက်အပံ့ဖြစ်စေမည့်စင်တာများ တည်ဆောက်ပေးခြင်း၊ အင်္ဂလိပ်စာသင်တန်း အပါအဝင် အခြားလိုအပ်သည့်လူမှုဝန်ဆောင်မှုများကိုမိသားစုများ၏ ပတ်ဝန်းကျင်အနီးအနားတဝိုက်၌ထားပေးပါ။ ယင်းနောက် မိသားစုများသည်အိမ်ရာများဆိုင်ရာအမှုဆောင် ဝန်ထမ်းနှင့်တွဲပြီး မိမိနေထိုင်လိုသော အိမ်နေရာကိုရှာဖွေပြောင်းရွှေ့ နေထိုင်နိုင်သည်။
- **SOLUTION** Develop a "Welcome Co-op" to centralize resettlement housing services in one location.
- **ဖြေရှင်းနည်း** ပြန်လည်နေရာချထားရေးအစီအစဉ်နှင့်သက်ဆိုင်သော အိမ်ရာဝန်ဆောင်မှုများကိုတစ်နေရာတည်း၌လုပ်ဆောင်နိုင်ရန် ဗဟိုချုပ်ကိုင်မှုရှိသည့် "Welcome Co-op" စနစ်ကို ဖော်ဆောင် ပေးပါ။

**အစီရင်ခံစာအပြည့်အစုံကို ဤနေရာတွင် ဖတ်ရှုပါ။**

**Read the full report here**

RESTORING DIGNITY

WORLD SPEAKS

Wilder Research®
Information. Insight. Impact.

front porch INVESTMENTS

# Housing Barriers & Solutions
# အိမ်ရာစီမံကိန်းနှင့်ဆိုင်သည့် အတားအဆီးများနှင့် ဖြေရှင်းနည်းများ

## HOME MAINTENANCE & OWNERSHIP EDUCATION
## အိမ်ရာပိုင်ဆိုင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အသိပညာပေးခြင်း

- **BARRIER** Many refugees come from camps with no electrical, heating, plumbing or refrigeration. Coming to America, they must learn a completely new system.
- **အတားအဆီး** ဒုက္ခသည်အများစုသည် လျှပ်စစ်မီး၊ အပူပေးစက်၊ ရေပိုက်ဆက်သွယ်မှုစနစ် သို့မဟုတ် ရေခဲသေတ္တာမရှိသော ဒုက္ခသည်စခန်းများမှ ရောက်ရှိလာသူများဖြစ်သည်။ ထို့ကြောင့် ဤစနစ်အသစ် များကို အမေရိကသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ကေနမုချလေ့လာသင်ယူရပါမည်။
- **SOLUTION** Expand programs that teach families how to acclimate, including teaching about their rights as renters.
- **ဖြေရှင်းနည်း** မိသားစုများအား မိမိသိရှိထားရမည့် အိမ်ငှားများ၏အခွင့်အရေးများအပါအဝင် မည်ကဲ့သို့ အခြေချနေထိုင်သင့်ကြောင်း ပညာပေးသည့်အစီအစဉ်များကိုတိုးချဲ့လုပ်ဆောင်ပါ။
- **SOLUTION** Create programs that teach families how to build credit for home loans and about the process of buying a house.
- **ဖြေရှင်းနည်း** မိသားစုများအား အိမ်ဝယ်ရာတွင်သိထားသင့်သည့်လုပ်ငန်းစဉ်များနှင့် အိမ်ချေးငွေ အတွက် မည်ကဲ့သို့အကြွေးမှတ်တမ်းတည်ဆောက်သင့်ကြောင်း လိုအပ်သည့် အသိပညာပေးအစီ အစဉ်များကိုဖန်တီးပေးပါ။
- **SOLUTION** Hire cultural liaisons who live at apartment complexes with high refugee populations, and have them serve as brokers between landlords and families.
- **ဖြေရှင်းနည်း** ဒုက္ခသည်ဦးရေများစွာ နေထိုင်သည့် တိုက်ခန်းများတွင် အိမ်ရှင်နှင့်အိမ်ငှားအကြား ပွဲစား သဖွယ် ကြားဝင်ဖြန်ဖြေပေးမည့်သူ ယင်းတိုက်ခန်းထဲတွင်နေထိုင်သူဖြစ်ပြီး ယဉ်ကျေးမှုရိုးရာဓလေ့ကို သိကျွမ်းသည့်သူတဦးဦးကို အလုပ်ခန့်ပါ။

## ON-GOING SUPPORT
## ဆက်လက် ထောက်ပံ့မှု

- **BARRIER** 90 days of support is not enough for refugee families to properly acclimate to America. Families feel that they fall off a cliff when they lose this support so suddenly.
- **အတားအဆီး** ဒုက္ခသည်မိသားစုများသည် အမေရိကနိုင်ငံ၌ သင့်တော်သည့်အသားကျနေထိုင်မှု ရရှိရန်ရက် ၉၀ထောက်ပံ့မှုပေးခြင်းသည်လုံလောက်သောပံ့ပိုးမှုမဟုတ်ပါ။ ဒုက္ခသည်ထောက်ပံ့မှုများဆုံးရှုံးသွားသည့်အခါမိသားစုများသည်ချောက်ကမ်းပါးမှလိမ့်ကျသွားသည့်အလား ခံစားကြရသည်။
- **SOLUTION** Increase financial support to resettlement agencies, so they can provide assistance to families for up to a year.
- **ဖြေရှင်းနည်း** နေရာပြန်လည်ချထားရေးအေဂျင်စီများသို့ ပံ့ပိုးငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပါ။ သို့မှသာ မိသားစုများအား တစ်နှစ်တိတိအထိထောက်ပံ့ကူညီမှုပေးနိုင်မည်။

## PUBLIC TRANSPORTATION
## ပြည်သူ့ သယ်ယူပို့ဆောင်ရေး

- **BARRIER** Many refugees cannot afford a car within the first years of being resettled. They rely on public transportation.
- **အတားအဆီး** ပထမဦးဆုံးအခြေချနေထိုင်သည့်နှစ်၌ ဒုက္ခသည်အများအပြားသည် ကိုယ်ပိုင်ကား မဝယ်စီးနိုင်ပါ။ ထို့ကြောင့် အများပြည်သူအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို မှီခိုကြရသည်။
- **BARRIER** Omaha's public transportation is severely limited in neighborhoods that families perceive as safe. Thus families feel stuck in unsafe neighborhoods because they cannot use the bus in neighborhoods they want to live in. Families also struggle with 1 to 2 hour bus wait times.
- **အတားအဆီး** အိုမဟာ၏ ပြည်သူ့သယ်ယူပို့ဆောင်ရေးစနစ်သည် မိသားစုများအတွက် လုံခြုံမှုရှိသည်ဟုယူစရသည့် အိမ်နီးချင်းပတ်ဝန်းကျင်နှင့် အလှမ်းဝေးလျက်ရှိသည်။ မိမိတို့နေထိုင်လို သောအိမ်နီးချင်းပတ်ဝန်းကျင်၌ ဘတ်(စ်)ကား မရနိုင်သည့်ပြဿနာကြောင့် ယင်တို့သည် လုံခြုံမှု မရှိသည့် အိမ်နီးချင်းပတ်ဝန်းကျင်၌ ပိတ်မိနေကြောင်း ခံစားကြရသည်။ ထို့အပြင် မိသားစုများသည် ဘတ်(စ်)ကားစီးရန် ၁ နာရီမှ ၂ နာရီအထိ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေကြရသည်။
- **SOLUTION** Increase bus lines throughout Omaha, particularly by schools and grocery stores, and decrease the wait time between buses.
- **ဖြေရှင်းနည်း** ဘတ်(စ်)ကားစောင့်ဆိုင်းရမည့်ကြာမြင့်ချိန်လျော့ပေးပြီး အိုမဟာမြို့အနှံ့သွားလာနိုင်သော အထူးသဖြင့် ကျောင်းနှင့်ဈေးဆိုင်များရှိသည့်နေရာများ၌ ဘတ်(စ်)ကားလိုင်းများကိုတိုးချဲ့ပါ။

## COMMUNITY INVOLVEMENT
## လူမှုအသိုင်းအဝိုင်း ပူးပေါင်းပါဝင်မှု

- **BARRIER** New arrival families who do not have a sponsor do not acclimate as well as families who do.
- **အတားအဆီး** ထောက်ပံ့သူ ( စပွန်ဆာ ) မရှိသော အသစ်ရောက်ရှိလာသည့် မိသားစုများသည် ( စပွန်ဆာ) ရှိသောမိသားစုများထက် အသားတစ်ကျနေထိုင်မှု မရနိုင်ပါ။
- **SOLUTION** Community members can sponsor a newly arrived refugee family. Sponsorship includes setting up the family's apartment, meeting them at the airport and providing guidance for the family's first 6-9 months. Contact Refugee Empowerment Center or Lutheran Family Services for more information.
- **ဖြေရှင်းနည်း** လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များမှ အသစ်ရောက်ရှိလာသည့်ဒုက္ခသည်မိသားစုများကို ထောက်ပံ့မှု (စပွန်ဆာ)ပေးနိုင်သည်။ မိသားစုများအတွက် တိုက်ခန်းအိမ်ရာများပြင်ဆင်ပေးထားခြင်း၊ လေဆိပ်မှတွေ့ဆုံကြိုဆိုပေးခြင်း၊ ၆လမှ ၉လအထိ လမ်းညွှန်းအကူအညီပေးခြင်း အစရှိသည့် ထောက်ပံ့မှုများ လုပ်ဆောင်နိုင်သည်။ ထောက်ပံ့မှုများနှင့်သက်ဆိုင်သည့်အချက်အလက်များ ပိုမိုသိရှိ လိုပါက Refugee Empowerment Center (ဒုက္ခသည်များစွမ်းရည်မြှင့်တင်ရေ စင်တာ) သို့မဟုတ် Lutheran Family Services (လူသာလန် မိသားစုအကျိုးဆောင်အသင်း) သို့ ဆက်သွယ်ပါ။

**အစီရင်ခံစာအပြည့်အစုံကို ဤနေရာတွင် ဖတ်ရှုပါ။**

**Read the full report here**

RESTORING DIGNITY

WORLD SPEAKS

Wilder Research. Information. Insight. Impact.

front porch INVESTMENTS